# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

February 21, 2022 Volume 51, Number 15


| ၂၁.၂.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၉၄ US$ |
| မြန်မာ့ရွှေစျေး | = ၁၈၉၆၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၁၉၈၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၀၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၃၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရေဝတီတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်သီး လှိုင်လှိုင်ပေါ်ချိန်တွင် စျေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ



https://www.myawady.net.mm/node/22367

ရေဝတီတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်သီး လှိုင်လှိုင်ပေါ်ချိန်တွင် စျေးကောင်း စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ရေဝတီတိုင်းဒေသကြီးမှ စိန်တစ်လုံးသရက် စိုက်ပျိုးသူများ၏ ပြောကြားချက်အရ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် စိန်တစ်လုံးသရက်သီးများ ရောင်းချရာတွင် ၂၀၂၁ ခုနှစ် သရက်သီးပေါ်စက သရက်သီး ၁၀ လုံးတစ်ဖာလျှင် ငွေကျပ် ၁၇၀၀ မှ ၂၅၀၀ အထိစျေးရှိပြီး ၂၀၂၂ ခုနှစ် သရက်သီး လှိုင်လှိုင်ပေါ်ချိန်တွင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိရရှိသဖြင့် ကုန်ကျစရိတ်ထက်ပိုမိုရရှိ၍ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ဒီနှစ် စိန်တစ်လုံးသရက် သီးကင်း စတင်သီးချိန်ကတည်းက ပွဲစားတွေ ရွာအထိဆင်းပြီး ခြံပြတ်စျေးဖြတ်ပြီး ဝယ်ယူကြပါတယ်။ အရင်နှစ်တွေက စိန်တစ်လုံးသရက်သီး ပွဲစားတွေ လာရောက်ဝယ်ယူမှုမရှိတာကြောင့် သရက်သီးစျေးကွက် မကောင်းဘဲ အရှုံးနဲ့ရင်ဆိုင်ခဲ့ရပါတယ်" ဟု မအူပင်မြို့နယ်မှ စိန်တစ်လုံးသရက် စိုက်ပျိုးရေး လုပ်ငန်းရှင် ဦးနေဇော်ကပြောသည်။

ရေဝတီတိုင်းဒေသကြီး၌ မအူပင်၊ ကျိုက်လတ်၊ ညောင်တုန်း၊ ကန်ကြီးထောင့်၊ ကျောင်းကုန်းစသည့်ဒေသများနှင့် ပတ်ဝန်းကျင်ဒေသများဖြစ်သော ဘိုကလေးနှင့်မော်လမြိုင်ကျွန်းဒေသတို့၌လည်း စိန်တစ်လုံးသရက်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ပြီးခဲ့သည့်နှစ် စိန်တစ်လုံးသရက်သီးမှည့်ချိန် ဖွန်၊ ဇူလိုင်လတို့တွင် သရက်သီးစျေးနှုန်းကျဆင်းသဖြင့် ရသည့်စျေးဖြင့်သာ ရောင်းချခဲ့ရကြောင်း စိန်တစ်လုံးသရက်ခြံလုပ်ငန်းရှင်များထံမှ သိရသည်။

ရေဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော စိန်တစ်လုံးသရက်သီးများကို ပုသိမ်စျေးကွက်အပြင် ရန်ကုန်နှင့်နေပြည်တော်တို့သို့လည်း တင်ပို့ရောင်းချနေကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/22367


### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## သီရိလင်္ကာနိုင်ငံကိုတင်ပို့တဲ့ မြန်မာ့ဆန် တခြားနိုင်ငံတွေထက် ဈေးကောင်းပိုရ

သီရိလင်္ကာနိုင်ငံကိုတင်ပို့တဲ့ မြန်မာ့ဆန်ဈေးနှုန်းဟာ တခြားနိုင်ငံတွေဆီ တင်ပို့မှုထက် ဈေးကောင်းပိုရနေပြီး ပင်လယ်ရေကြောင်းကနေ တင်ပို့ရာမှာလည်း အဆင်ပြေမှုရှိတယ်လို့ ရန်ကုန်၊ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်ရဲ့ အတွင်းရေးမှူး ဦးသန်းဦးက GNLM သတင်းမှာ ပြောဆိုထားပါတယ်။

တခြားနိုင်ငံတွေဆီ မြန်မာ့ဆန်တင်ပို့ရာမှာ FOB ဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၄၀-၃၅၀ ဝန်းကျင်သာရပေမဲ့ သီရိလင်္ကာကိုတင်ပို့မဲ့ ဆန်ဈေးကတော့ တစ်တန်ကိုဒေါ်လာ ၄၄၀-၄၅၀ အထိ ရှိနေပါတယ်။ အရင်နှစ်တွေကလည်း မြန်မာကနေ သီရိလင်္ကာကိုဆန်တွေ တင်ပို့ခဲ့ဖူးပြီး အောင်မြင်မှုရခဲ့ဖူးကြောင်းနဲ့ အဲဒီကို ပင်လယ်ရေကြောင်းကနေ ဆန်တင်ပို့လို့ လွယ်ကူကြောင်း ဦးသန်းဦးကပြောပါတယ်။ ပြီးတော့ သီရိလင်္ကာနိုင်ငံဆီ ဆန်တင်ပို့တာဟာ တခြားနိုင်ငံတွေဆီ ပို့သလောက် ပြိုင်ဘက်မများလှဘူးလို့ သူကပြောပါတယ်။

သီရိလင်္ကာဟာ တင်သွင်းတဲ့ဆန်အပေါ်အရည်အသွေး ကန့်သတ်မထားဘဲ မြန်မာကနေတင်ပို့တဲ့ အသွယ်နဲ့ညှော်မထဆန်တွေကို လက်ခံကြောင်း၊ တရုတ်နဲ့ဥရောပနိုင်ငံတွေကတော့ AQSIQ နဲ့ အရည်အသွေးဖော်ပြချက်အသိအမှတ်ပြု စာရွက်စာတမ်းထောက်ခံချက်လိုဟာမျိုးတွေလိုအပ်တဲ့အတွက် မြန်မာကနေ ဆန်တင်ပို့ရာမှာ အနည်းငယ်ရှုပ်ထွေးမှုရှိကြောင်း ဦးသန်းဦးက ပြောပါတယ်။

လက်ရှိမှာ မြန်မာနဲ့သီရိလင်္ကာနှစ်ဖက်နိုင်ငံအစိုးရတွေကြား ဆန်ဖြူတန်ချိန် (၁) သိန်းနဲ့ ပေါင်းဆန် တန်ချိန် (၅၀၀၀၀) ကို ဒီနှစ် ၂၀၂၂ နဲ့လာမယ့် ၂၀၂၃ အထိ ဆက်တိုက်တင်ပို့ပေးဖို့ နားလည်မှုစာချွန်လွှာ MoU ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီဆန်တင်ပို့မှုအပိုင်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF ကနေဦးဆောင်မှာဖြစ်ပြီး ကုန်သည်တွေနဲ့ဆန်ပို့ကုန်သမားတွေက တင်ပို့နိုင်မှာဖြစ်တယ်လို့ ဦးသန်းဦးကပြောပါတယ်။ လတ်တလောမှာ မိုးစပါးလက်ကျန်လျော့နည်းလာပြီး မကြာခင် နွေစပါးတွေဈေးကွက်ထဲ ဝင်လာတော့မှာဖြစ်ပါတယ်။

လက်ရှိ ၂၀၂၁-၂၂ မိနီဘတ်ဂျက်ကြားကာလ (အောက်တိုဘာ ၁ နဲ့ ဇန်နဝါရီ ၃၁) အတွင်းမှာ မြန်မာနိုင်ငံကနေ ပြည်ပကို ဆန်တန်ချိန် ၁ သန်းကျော် တင်ပို့ထားတယ်လို့ သိရပါတယ်။

Ref: GNLM

Source: Current Content

## ယခုနှစ် ဇန်နဝါရီလက မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၂၉ သန်းဖိုးဆောင်ရွက်နိုင်ခဲ့

ယခုနှစ် ဇန်နဝါရီလက မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၂၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသတင်းများအရသိရသည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်နှင့်မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုနှစ် ဇန်နဝါရီလအတွင်းက ပို့ကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅၅ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ပြီး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၇၄ သန်းဖိုး တင်သွင်းနိုင်သဖြင့် ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၂၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။ ထိုကဲ့သို့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ကုန်ကဏ္ဍ၌ ငါးမှုန့်များ၊ ငါးအသားလွှာများ၊ မုတ်ခွံများ ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ စက်သုံးဆီနှင့်လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုလျော့ကျသွားခဲ့ကြောင်းသိရသည်။ အဆိုပါ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်ထိ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၆၈ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၅၂ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၄၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်းများအရသိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2276-2022-02-19-05-04-10

## တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များ တရုတ်နိုင်ငံသို့ စတင်ပို့ဆောင်

တိရစ္ဆာန်အစာဖြစ်သည့် ပြောင်းချဉ်ဖတ် (Silage corn) တန်ချိန် ၅၀ ကျော်ကို တရုတ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့်တင်ပို့ခဲ့ပြီး ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးကြေညာထားသည်။ မြန်မာနိုင်ငံမှထွက်ရှိသော Silage corn ပစ္စည်းအခုရေ ၆၃ ခု စုစုပေါင်းတန်ချိန် ၅၁ တန်ကို ဂိတ်ဖြတ်သန်းရန်လုပ်ငန်းစဉ်များဆောင်ရွက်ပြီးနောက် တရုတ်-မြန်မာနယ်စပ် ချင်းရွှေဟော်ဂိတ်မှတစ်ဆင့် အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းသည် မြန်မာ့ Silage corn များ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်တင်သွင်းခြင်းဖြစ်ပြီး တရားဝင်တင်ပို့ခြင်းလည်း ဖြစ်သည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှထွက်ရှိသည့် ပြောင်းနှင့်တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များတင်ပို့နိုင်ရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ သဘောတူလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ခရီးသွားဝင်ရောက်မှုမြှင့်တင်ရန်အတွက် COVID-19 လိုအပ်ချက်များကို ဖြေလျှော့ပေးရန် ထိုင်းနိုင်ငံခရီးသွားအဖွဲ့အစည်းများက အစိုးရထံတောင်းဆို



https://news-eleven.com/article/226044

ထိုင်းနိုင်ငံရှိ ခရီးသွားလာရေး အဖွဲ့အစည်းများက ဧပြီလတွင်ကျရောက်မည့် Easter အားလပ်ရက်များအတွက် ခရီးသွားဝင်ရောက်မှုကို မြှင့်တင်နိုင်ရန် နိုင်ငံတကာ ခရီးသွားများအတွက် COVID-19 လိုအပ်ချက်များကို ဖြေလျှော့ပေးရန် အစိုးရထံ တောင်းဆိုခဲ့သည်။

ခရီးသွားအသင်းများနှင့်ကောင်စီများမှ ဥက္ကဋ္ဌအယောက် ၂၀ က ပြည်ပ ခရီးသွားများအတွက် အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲပေးရန် တောင်းဆိုသည့်စာတစ်စောင်ကို ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ဆက်စပ်တာဝန်ရှိသူများထံ အဆိုပြုတင်သွင်းခဲ့ကြသည်။

ပရာယွတ်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်ရန် ထိုင်းနိုင်ငံအတွက် ညွှန်ကြားချက်များကို စီစဉ်ထုတ်ပြန်ပေးနေသည့် COVID-19 အခြေအနေ စီမံခန့်ခွဲရေးစင်တာ (CCSA)၏အကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။ ဖေဖော်ဝါရီ ၁၆ ရက် နေ့စွဲဖြင့်ရေးသားပေးပို့ခဲ့သည့်စာလွှာ၌ နိုင်ငံတကာခရီးသွားများအား ၎င်းတို့နေထိုင်သည့် ငါးရက်မြောက်နေ့တွင် ဒုတိယအကြိမ် RT-PRC စစ်ဆေးမှုလုပ်ဆောင်ရမည့်လိုအပ်ချက်ကို ဖြေလျှော့ပေးရန်အတွက် စဉ်းစားသုံးသပ် ပေးရန် ခရီးသွားကဏ္ဍက CCSA ထံတောင်းဆိုခဲ့သည်။ “ဘာကြောင့်လဲဆိုတော့ ငါးရက်မြောက်နေ့မှာပြည်ပခရီးသွားတွေကြား ကူးစက်မှုနှုန်းဟာ လက်ရှိဒေသတွင်း ကူးစက်မှုနှုန်းထက် များစွာလျော့နည်းနေတာကြောင့်ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ခရီးသွားတွေရဲ့ ကုန်ကျစရိတ်ကိုလည်းလျှော့ချပေးနိုင်ပါတယ်”ဟု စာထဲတွင်ရေးသားထားသည်။

အခြားတောင်းဆိုချက်များ၌ ခရီးသွားလာမှု အာမခံပမာဏကို ဒေါ်လာ ၅၀,၀၀၀ မှ ဒေါ်လာ ၂၅,၀၀၀ အထိ လျှော့ချပေးရန်နှင့် COVID-19 ကူးစက်ခံထားရကြောင်းစစ်ဆေးတွေ့ရှိသည့် ခရီးသွားများ၏ ကွာရန်တင်းကာလကို ၁၀ ရက်မှ ငါးရက်အထိ လျှော့ချပေးရန်ပါဝင်သည်။လက်ရှိတွင် COVID-19 ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိသည့် ခရီးသွားများသည် ဆေးရုံ၊ ဟိုတယ်သို့မဟုတ် ကွာရန်တင်းစင်တာများတွင် ဆေးကုသမှုခံယူရန်အတွက် ၁၀ ရက် သီးခြားနေထိုင်ရန် လိုအပ်သည်ဟု ထုတ်ပြန်ထားသည်။

ထို့ပြင် ပထမရက်အတွင်း COVID-19 ကူးစက်ခံထားရခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသည့် ခရီးသွားများကို ကွာရန်တင်းလိုအပ်ချက်များ ဖြေလျှော့ပေးရန် ခရီးသွားအဖွဲ့အစည်းများက CCSA ကို တောင်းဆိုထားသည်။ “ကျွန်တော်တို့ရဲ့ ခရီးသွားကဏ္ဍ ပြိုင်ဘက်နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ဂျပန်လိုနိုင်ငံတွေဟာ ဧပြီလမှာ ခရီးသွားလာမှုကန့်သတ်ချက်တွေကို ဖြေလျှော့ပေးဖို့အတွက် ကြေညာဖို့ပြင်ဆင်နေကြပါပြီ”ဟုလည်း စာထဲတွင်ရေးသားထားသည်။ ယင်းနိုင်ငံများ၏ ခရီးသွားကဏ္ဍ

ဖြေလျှော့မှုသည် ထိုင်းနိုင်ငံသည် ကမ္ဘာ့စင်မြင့်တွင် ခရီးသွားကဏ္ဍ၌ ၎င်း၏ယှဉ်ပြိုင်မှု ရှုံးနိမ့်ရန်လမ်းစဖြစ်နေပြီး ဆိုလိုရင်းမှာ ခရီးသွားများအနေဖြင့် ထိုင်းနိုင်ငံသို့လာမည့်အစား ကန့်သတ်ချက်များ ဖြေလျှော့ထားသည့် နိုင်ငံများသို့သွားရောက်လည်ပတ်ရန် ရွေးချယ်ကြလိမ့်မည်ဟုဆိုလိုခြင်းဖြစ်ကြောင်း စာထဲတွင်ရေးသားဖော်ပြခဲ့သည်။

**Source:** https://news-eleven.com/article/226044

## ထိုင်းနိုင်ငံနဲ့ဗီယက်နမ်နိုင်ငံမှာ ဆန်စျေးတွေတက်လာပြီး အိန္ဒိယနိုင်ငံ ဆန်စျေးငြိမ်

ဒီတစ်ပတ် အာရှဆန်စျေးကွက်မှာ ပိတ်ရက်အပြီး အရောင်းအဝယ်တွေ ပြန်သွက်လာတဲ့ ဗီယက်နမ် ၅ မှတ် ဆန်ပေါက်စျေးက တစ်တန်ကို ဒေါ်လာ ၄၀၀ ဖြစ်လာပြီး ၂ လအတွင်း အမြင့်ဆုံးကို ရောက်လာပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်အပြီးမှာ ဆန်အရောင်းအဝယ်တွေ ပြန်သွက်လာလို့ ဆန်စျေးတွေ မြင့်တက်လာတာဖြစ်ပြီး ကုန်သည်တွေကလည်း တောင်သူတွေဆီက စပါးအတော်အသင့် ဝယ်ယူလာတယ်လို့ ဟိုချီမင်းမြို့တော် အခြေစိုက်ဆန်ကုန်သည်တွေက ပြောပါတယ်။

ဗီယက်နမ်ဆန်ကုန်သည်အချို့ကလည်း တောင်ကိုရီးယားအစိုးရပိုင် လုပ်ငန်းတစ်ခုကနေ ဆန်အဝယ်တင်ဒါ တန်ချိန် ၇၂၂၀၀ ကိုခေါ်ယူရာမှာ ဝင်ပြိုင်ဖို့လုပ်နေတယ်လို့ သိရပါတယ်။ ဗီယက်နမ်ဆန်စျေး မြင့်လာသလိုပဲ ထိုင်း ၅ မှတ်ဆန်စျေးကလည်း အရင်အပတ်က ၄၀၇-၄၁၅ ဒေါ်လာကို မြင့်တက်လာပါတယ်။ ဒေါ်လာနဲ့ယှဉ်ရင် ထိုင်းဘတ်ငွေတန်ဖိုး မြင့်လာလို့ အခုလို ဆန်စျေးပါ လိုက်တက်လာတာဖြစ်တယ်လို့ ဘန်ကောက်က ဆန်ကုန်သည်ကပြောပါတယ်။ ဒါပေမဲ့ မကြာခင်မှာ စပါးသစ်ပေါ်လာဖို့ရှိနေတဲ့အတွက် ဆန်စျေးက ပြန်ကျလာနိုင်ခြေရှိနေတယ်လို့လည်း ကုန်သည်တွေက ခန့်မှန်းထားပါတယ်။

ထိုင်းနဲ့ဗီယက်နမ် ပို့ကုန်ဆန်တွေ မြင့်တက်လာချိန်မှာ နံပါတ်တစ် ဆန်တင်ပို့သူဖြစ်တဲ့ အိန္ဒိယမှာတော့ ၅ မှတ်ပေါင်းဆန်စျေးက တစ်တန်ကို ၃၆၈-၃၇၄ ဒေါ်လာမှာ အပြောင်းအလဲမရှိဘဲ ဆက်လက်ငြိမ်နေပါတယ်။ အိန္ဒိယဆန်ရဲ့ အဓိကဝယ်လက်တွေက အဝယ်ငြိမ်နေတဲ့အတွက် ပေါင်းဆန်စျေးကလည်း တစ်လကျော်အတွင်း အနိမ့်ဆုံးစျေးမှာ အပြောင်းအလဲမရှိ ဆက်လက် တည်ငြိမ်နေတာဖြစ်ပါတယ်။

ဆန်ဖြူဝယ်လက်တွေက မြန်မာနဲ့ပါကစ္စတန်လိုစျေးပိုသက်သာတဲ့နိုင်ငံတွေဆီ အဝယ်လှည့်နေတယ်လို့ မွန်ဘိုင်းက ဆန်ကုန်သည်တစ်ဦးကပြောပါတယ်။ ဒီနှစ် အိန္ဒိယမှာဆန်ထုတ်လုပ်မှု တိုးတက်လာမယ်လို့ အစိုးရရဲ့ဒုတိယအကြိမ် သီးနှံအကြိုခန့်မှန်းချက်မှာဆိုထားပါတယ်။

**Ref: Agriculture**

**Source: Current Content**

## တောင်ကိုရီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံအရေးအကျပ်အတည်းကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်ရန် မူဝါဒများကို အရေးပေါ်အခြေအနေတွင်လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ရေး အသင့်ပြင်ဆင်ထားလျက်ရှိမှု အခြေအနေ




Photo Courtesy: Yonhap News

တောင်ကိုရီးယားနိုင်ငံသည် လက်ရှိဖြစ်ပေါ်လျက်ရှိသော ယူကရိန်းအကျပ်အတည်းကြောင့် စီးပွားရေးရာ သက်ရောက်မှုများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်ရန် မူဝါဒများကို အရေးပေါ်အခြေအနေတွင် လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင်ဆောင်ရွက် ထားလျက်ရှိကြောင်း၊ ယူကရိန်းအကျပ်အတည်း၏သက်ရောက်မှုကြောင့် စီးပွားရေးကျဆင်းမှုကို လျှော့ချနိုင်ရန်နှင့် ဒေသတွင်း၌ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အကြား တင်းမာမှုများ တိုးလာသည့်ကြားမှဖြစ်ပေါ်လျက်ရှိသော စျေးကွက်မတည်ငြိမ်မှုတွေကို လျှော့ချနိုင်ရန် ဖြစ်နိုင်သမျှ မူဝါဒနည်းလမ်းများအားလုံးကို စုစည်းဆောင်ရွက်ရေး တောင်ကိုရီးယားက စီစဉ်လျက်ရှိကြောင်း အကြီးတန်းအစိုးရအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။

ရုရှားနိုင်ငံက ယူကရိန်းကို ကျူးကျော်လာပြီး အမေရိကန်တို့နှင့်မဟာမိတ်များ၏ စီးပွားရေးရာ မသေချာမရေရာမှုများ တိုးမြင့်လာရန် ရုရှား၏ ပြင်းထန်သောပိတ်ဆို့အရေးယူမှုများတိုးလာခဲ့လျှင် အရေးပေါ်အစီအမံများကို အကောင်အထည်ဖော်နိုင်ရန် တောင်ကိုရီးယားအစိုးရက ကြိုတင်စီစဉ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး Lee Eog-weon က Pan-Government Task Force အစည်းအဝေးတစ်ရပ်တွင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။ (၁၄-၂-၂၀၂၂) ရက်နေ့တွင် တောင်ကိုရီးယားသမ္မတ Moon Jae-in က ယူကရိန်းအခြေအနေအပေါ် အစိုးရအရာရှိများအား စီးပွားရေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ အရေးပေါ်တုံ့ပြန်နိုင်ရန်အစီအမံများကို ကြိုတင်ဆောင်ရွက်ထားကြရန် အစိုးရအဖွဲ့အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် လမ်းညွှန်မှာကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

ယူကရိန်းအရေးရိုက်ခတ်မှုနှင့်၎င်း၏ ငွေကြေးတင်းကျပ်မှုကို အရှိန်မြှင့်ရန် အမေရိကန်ဗဟိုဘဏ်၏ ရွှေ့လျားမှုအလားအလာများကြားတွင် တောင်ကိုရီးယား၏ဘဏ္ဍာရေးဈေးကွက်သည် မတည်မငြိမ်ဖြစ်လာသည်ကိုတွေ့ရှိရကြောင်း၊ (၁၅-၂-၂၀၂၂) ရက်နေ့တွင် ဆိုးလ်မြို့၏ အခြေခံစတော့အညွှန်းကိန်းသည် ယခင်နေ့ကထက် (၁.၅၇) ရာခိုင်နှုန်း ကျဆင်းသွားပြီးနောက် အရောင်းအဝယ်ဈေးကွက်တွင်ဂယက်ထလာခဲ့ကြောင်း၊ မကြာသေးမီလများတွင် ကိုရီးယားငွေကြေး တန်ဖိုးသည်လည်း အမေရိကန်ဒေါ်လာနှင့်လဲလှယ်မှုနှုန်းတွင် သိသာစွာတန်ဖိုးကျဆင်းသွားခဲ့ကြောင်း၊ (၁၅-၂-၂၀၂၂) ရက်နေ့၊ (၁၀:၃၀)အချိန်ဈေးအရ အမေရိကန်ဒေါ်လာ(၁) ဒေါ်လာလျှင် ကိုရီးယားဝမ် (၁၁၉၇.၉) ဝမ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ဆုံး Session တွင် အရောင်းအဝယ်ဖြစ်ခဲ့မှုထက် (၆.၈)ဝမ် တန်ဖိုးလျော့ကျသွားကြောင်း၊ ရုရှားသည် ကမ္ဘာ့အကြီးဆုံးရေနံထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှားနှင့်အမေရိကန်တို့အကြား တင်းမာမှုများမြင့်တက်လာခြင်းမှသည် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ အခြေခံစံနှုန်းဖြစ်သည့် ဒူဘိုင်းရေနံဈေးနှုန်းသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ(၇၇.၁၂)ဒေါ်လာခန့်ရှိခဲ့ရာမှ (၁၄-၂-၂၀၂၂)ရက် နေ့တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၉၂.၇၂) ဒေါ်လာအထိမြင့်တက်ခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏စွမ်းအင်လိုအပ်ချက်အတွက် သွင်းကုန်များအပေါ် အဓိကမှီခိုနေရသည့် နိုင်ငံတစ်ခုဖြစ်ရာ၊ စွမ်းအင်ကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ကိုရီးယားဝမ်ငွေကြေး၏ တန်ဖိုးလျော့လာခြင်းစသည့်အားနည်းချက်များကြောင့် နိုင်ငံ၏သွင်းကုန်တန်ဖိုးများ မြင့်တက်လာခဲ့ပြီး စားသုံးသူများ၏ ငွေကြေးဖောင်းပွမှုကို မြင့်တက်စေရန် ပိုမိုတွန်းအားပေးသကဲ့သို့ဖြစ်လာခဲ့ပါသည်။

၂၀၂၁ ခုနှစ်နှောင်းပိုင်းကာလများတွင် တောင်ကိုရီးယားအစိုးရသည် အဓိကကုန်ကြမ်းများ၊ စွမ်းအင်နှင့်အခြားအဓိကပစ္စည်းများကို ထပ်လောင်းသိုလှောင်ထားမည်ဟု ပြောကြားထားခဲ့ပြီး ထောက်ပံ့မှုပြတ်တောက်မှုဖြစ်နိုင်ချေကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၎င်းတို့၏ပြည်တွင်းထုတ်လုပ်မှုကို ချဲ့ထွင်ရန်ကြိုးပမ်းမည်ဟု ထုတ်ပြန်ထားခဲ့ပါသည်။

သို့ပါ၍ တောင်ကိုရီးယားနိုင်ငံသည် ယူကရိန်းအရေး အကျပ်အတည်းကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်ရန်မူဝါဒများကို အရေးပေါ်အခြေအနေတွင် လိုအပ်သကဲ့သို့ဆောင်ရွက်နိုင်ရေး အသင့်ပြင်ဆင်ထားလျက်ရှိမှုအခြေအနေများအား သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

Source: The Korea Times

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## တရုတ်နိုင်ငံအရှေ့ပိုင်းမှ အီတလီနိုင်ငံသို့ ကုန်သေတ္တာသယ်ဆောင်သည့်မီးရထား စတင်ပြေးဆွဲခဲ့

တရုတ်နိုင်ငံ၊ အရှေ့ပိုင်းရှိ ကျန်းစူးပြည်နယ်၊ စူးကျိုးမြို့မှ အီတလီနိုင်ငံ၊ မီလန်မြို့သို့ ကုန်သေတ္တာသယ်ဆောင်သည့်မီးရထားအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ စတင်ပြေးဆွဲခဲ့ပါသည်။ အဆိုပါ မီးရထားသည် ကျန်းစူးပြည်နယ်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်အစိတ်အပိုင်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ တန်ဖိုးအမေရိကန်ဒေါ်လာ (၃.၇) သန်းဖိုးသယ်ဆောင်၍ထွက်ခွာသွားပြီး မီးရထား စတင်ထွက်ခွာချိန်မှ (၂၅) ရက်အကြာတွင် အီတလီနိုင်ငံ၊ မီလန်မြို့သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း စူးကျိုးမြို့မှ တရုတ်-ဥရောပကုန်သေတ္တာသယ်ဆောင်သည့် မီးရထားခေါက်ရေ (၄၀၆) ခေါက် ပြေးဆွဲနိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်ကထက် (၃၈.၁၂) ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု စူးကျိုးအကောက်ခွန်ဌာနမှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကာလအတွင်း သယ်ယူပို့ဆောင်ခဲ့ သည့်

ကုန်စည်ပမာဏအမေရိကန်ဒေါ်လာ (၂.၂၅) ဘီလီယံရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်ကထက် (၆၆.၅၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ စူးကျိုးမြို့သည် ၂၀၁၃ ခုနှစ်မှစတင်၍ တရုတ်-ဥရောပ ကုန်သေတ္တာသယ်ဆောင်သည့် မီးရထားလမ်းကြောင်းများ ဖွင့်လှစ်ခဲ့ကာ လက်ရှိအချိန်အထိ မီးရထားလမ်းကြောင်း (၈)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ကာ စူးကျိုးမြို့မှ အာရှအလယ်ပိုင်း၊ အရှေ့တောင်အာရှ၊ ဥရောပတို့ရှိ မြို့ပေါင်း(၈၀)ကျော်တို့သို့ ကုန်စည်များဆက်သွယ်ပို့ဆောင်နိုင်ကြောင်း သိရှိရပါသည်။

**Source:** http://www.chinadaily.com.cn/a/202201/25/WS61ef54c6a310cdd39bc830c1.html

**ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## စွမ်းအင်ဈေးနှုန်းမြင့်တက်နေမှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက လျှပ်စစ်ဓါတ်အားအပေါ် Value-added Tax နှုန်းထားအား လျှော့ချကောက်ခံသွားမည်

စွမ်းအင်ဈေးနှုန်းမြင့်တက်နေမှုကြောင့် စားသုံးသူများအပေါ် ထိခိုက်မှုအကာအကွယ်ပေးနိုင် ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက လျှပ်စစ်ဓါတ်အားအပေါ် တန်ဖိုးဖြည့်အခွန် (Value-added Tax – VAT) နှုန်းထားအား ၁-၃-၂၀၂၂ ရက်မှ ၁-၇-၂၀၂၂ အထိ ကာလအတွက် (၂၁) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံသွားမည်ဟု ဘယ်လ်ဂျီယံနိုင်ငံဝန်ကြီးချုပ် Alexander De Croo က ပြောကြားကြောင်း သိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ရိုက်ခတ်မှုမှ စီးပွားရေးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လာမှုနှင့်အတူ ဥရောပ၌ ဓါတ်ငွေ့နှင့်စွမ်းအင်ဈေးများမြင့်တက်ခဲ့ပြီး၊ အိမ်ထောင်စုများအတွက် လျှပ်စစ်ဓါတ်အားခများပိုမိုမြင့်မားလာခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် ကုန်စည်များဈေးနှုန်းမြင့်တက်ခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ စွမ်းအင်ဈေးမြင့်တက်မှုသည် ခက်ခဲသော အခြေအနေတစ်ရပ်ဖြစ်ပြီး၊ အစိုးရအနေဖြင့် မြေပြင်တွင်အမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေများကို တုံ့ပြန်နိုင်မည့်အစီအမံများအား ဟန်ချက်ညီအောင်ဆောင်ရွက်နေကြောင်း ဘယ်လ်ဂျီယံနိုင်ငံဝန်ကြီးချုပ်က ပြောကြားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ ထိုသို့အခွန်လျှော့ချကောက်ခံမည့်အစီအမံကြောင့် အိမ်ထောင်စုတစ်ခုချင်းစီအား စွမ်းအင်သုံးစွဲမှုကုန်ကျစရိတ်အတွက် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ ဝင်ငွေနိမ့်ပါးသည့် မိသားစုများအတွက် ထပ်ဆောင်းအစီအမံများလည်းရှိကြောင်း သိရပါသည်။ ဓါတ်ငွေ့သုံးစွဲမှုအပေါ် အလားတူအခွန်လျှော့ချရန်ရှိ/မရှိနှင့်စပ်လျဉ်း၍ လျှော့ချကောက်ခံသွားမည် မဟုတ်ကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် ဘယ်လ်ဂျီယံအိမ်ထောင်စုများ၏ ထက်ဝက်ခန့်သည် အနွေးပေးရန်အတွက် ဓါတ်ငွေ့ကိုအသုံးပြုကြပြီး၊ ကျန်ထက်ဝက်ခန့်က အနွေးပေးဆီ (fuel oil) ကို အသုံးပြုကြောင်း၊ fuel oil အပေါ် VAT လျှော့ချကောက်ခံခြင်းကို ဥရောပ၌ခွင့်ပြုထားခြင်းမရှိကြောင်း ၎င်းကပြောကြားပါသည်။

စွမ်းအင်ဈေးနှုန်းမြင့်တက်မှုဆိုင်ရာ အထောက်အကူပြုအစီအစဉ်အတွက် ယူရို (၁.၁) ဘီလျံခန့် ကုန်ကျမည်ဖြစ်ပြီး၊ အိမ်ထောင်စုများအတွက် ပျမ်းမျှယူရို (၁၆၅) ခန့် အခွန်လျှော့ချပေးနိုင်မည်ဟု ဘယ်လ်ဂျီယံနိုင်ငံ၏ စွမ်းအင်ဝန်ကြီးဖြစ်သူ Tinne Van der Straeten က ပြောကြားပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံအများစုသည် စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကို ခုသာခံသာရှိစေရေး အစီအမံများကို ဆောင်ရွက်ထားကြကြောင်း၊ ဘူလ်ဂေးရီးယားနိုင်ငံက စွမ်းအင်ဈေးနှုန်းများ သတ်မှတ်ပြဋ္ဌာန်းရန်ကိစ္စအား ၂၀၂၂ ခုနှစ်၊ မတ်လကုန်အထိ ဆိုင်းငံ့ထားကြောင်း၊ စပိန်နိုင်ငံနှင့်ပြင်သစ်နိုင်ငံတို့သည် စွမ်းအင်သုံးစွဲခများမြင့်တက်မှုကို ထိန်းချုပ်ဆောင်ရွက်ထားကြောင်း၊ ဆွီဒင်နိုင်ငံအပါအဝင် အခြားနိုင်ငံများက ထိခိုက်မှုအရှိဆုံးအိမ်ထောင်စုများအတွက် ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ထားကြောင်းသိရပါသည်။

Source: https://www.euractiv.com/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 190 | 1,558,000 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,900 | 3,000 | 2,900 | 6,048 | 18,062,900 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 5 | 40,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 16 | 304,500 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 87 | 230,550 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 32 | 91,200 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | +0 | +0.00% | 5,200 | 5,200 | 5,200 | 0 | 0 | 10,497,598 | 54,588 |

## Market summary

As of 21st Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.67 | -2.62 | -0.68% | 382.05 | 384.29 | 381.67 | 6,378 | 20,287,150 | 7 | 663,968 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 21st Feb. 2022

| MYANPIX | 381.67 ▼ 2.62 |
|---|---|
| Total Volume (shares) | 6,378 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 663,968 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,200 | ▲ 0 |